# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ဒုတိယနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

( ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၃း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နေ့လယ် ၁၃း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊

အခမ်းအနားမှူးအဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က

ဆောင်ရွက်ပါသည်။]

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ဒုတိယနေ့
# အစည်းအဝေးအထမြောက်ကြောင်းနှင့်
# စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ။**

။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၉)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၅.၈၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့ အရ

အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၃း၀၂။**

**ဥက္ကဋ္ဌ။**

။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ မနက်ပိုင်းတုန်းက ကမ္ဘာ့ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးဆိုင်ရာ ပုဂ္ဂိုလ်ရောက်ရှိချိန်နောက်ကျခြင်းနှင့် ပြောဆိုဆွေးနွေးတဲ့အချိန်

မူလသတ်မှတ်ထားတာထက် ပိုသွားတဲ့အတွက် မနက်ပိုင်းရဲ့ Session ကို ရွှေ့လိုက်ရခြင်း ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

## ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။

။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် သည် ၂၀၁၁ ဇူလိုင်လအတွင်း ခွဲစိတ်ကုသမှုပြုလုပ်ရာမှ မျက်စိဝေဒနာကို သက်ဆိုင်ရာမျက်စိ အထူးကုဆရာဝန်ကြီးများမှ ၂၅-၈-၂၀၁၁ ရက်နေ့တွင် ပြန်လည်အစစ်ဆေးခံရန် ညွှန်ကြား ခဲ့သဖြင့် စင်ကာပူသို့သွားရောက်နိုင်ရန် ၂၃-၈-၂၀၁၁ မှ ၂၆-၈-၂၀၁၁ အထိ အစည်းအဝေး မတက်ရောက်နိုင်သည်ကို ခွင့်ပြုနိုင်ပါရန် ဦးမျိုးမြင့်ကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။

။မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်ရဲ့ ၂၃-၈-၂၀၁၁ ရက်နေ့မှ ၂၆-၈-၂၀၁၁ ရက်နေ့အထိ ခွင့်ပန်ကြားချက်ကို လွှတ်တော် ရဲ့ သဘောတူညီချက် ရယူမှာဖြစ်ပါတယ်။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

ဆက်လက်ပြီး ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၄။**

**ဦးခင်မောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။**

**။**လေးစားအပ်ပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ကိုယ်စားလှယ်

ဦးခင်မောင် ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးကျော်ထွန်းအောင် နဲ့ သက်ဆိုင်သည့်ရွေးကောက်ပွဲ ကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၉) ၂၀၁၁ ကို ဩဂုတ်လ ၂၃ ရက်နေ့ ကြားနာစစ်ဆေးရန် ကြားနာပွဲသို့ ဦးကျော်ထွန်းအောင် အား မပျက်မကွက် လာရောက် ရန် ရည်ညွှန်းစာဖြင့် ချိန်းဆိုထားပါသဖြင့် ဦးကျော်ထွန်းအောင်သည် ယနေ့ ၂၃-၈-၂၀၁၁ ရက်နေ့ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးကျော်ထွန်းအောင် ကိုယ်စား ကျွန်တော် ဦးခင်မောင်က ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးကျော်ထွန်းအောင်ရဲ့၂၃-၈-၂၀၁၁ ရက်အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်ရဲ့သဘောထားရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့််ပြု ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ**။

။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်

# သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**တိုင်းဒေသကြီးများနှင့်ပြည်နယ်များရှိ ဆေးရုံများတွင်ဆေးဝါးလုံလောက်စွာဖြင့်ပြည်သူလူထုအား ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုပေးရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်ဆေးဝါးလုံလောက်စွာဖြင့် ပြည်သူလူထု အား ကျန်းမာရေးကာကွယ် စောင့်ရှောက်မှုပေးရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၇။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။**

။လေးစားအပ်ပါ တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့ကျန်းမာရေးကိစ္စနှင့်ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်မှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားပေးပါရန် တင်ပြအပ်ပါတယ်။ နိုင်ငံတော်အစိုးရ အနေဖြင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ ကျန်းမာရေး ဝန်ကြီးဌာန ခွင့်ပြုချက်ဘတ်ဂျက်အရ တိုင်းဒေသကြီးများနှင့် ပြည်နယ်ဒေသအတွင်းရှိတဲ့ ဆေးရုံများမှာ ဆေးဝါးမလုံလောက်မှုများဖြစ်ပေါ်နေလျက် ရှိပါတယ်။ ဆေးရုံများဆေးဝါး လုံလောက်စွာနှင့် ပြည်သူလူထုတွေကို ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု ပြည့်ပြည့်ဝဝ ပေးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ ရှိပါက မည်သည့်ကာလတွင် မည်သည့်စနစ်ဖြင့် ကျင့်သုံးဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်းမပြုသည်ကို

ပြန်လည်ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၀၉။**

**ဒေါက်တာဖေသက်ခင်၊ (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါ တဲ့ အမျုိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဖြစ်ပါတယ်။ ကျွန်တော််အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတင်ယု ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားခွင််ရတဲ့အတွက် ဥက္ကဋ္ဌကြီးနဲ့တကွ

မေးခွန်းမေးမြန်းသူကိုယ်စားလှယ်ကြီးများ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ ခွင့်ပြုဘတ်ဂျက်အရ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှာရှိတဲ့ ဆေးရုံများမှာ ပြည်သူလူထုကို အခမဲ့ဆေးကုသပေးဖို့ ဆေးဝါးမလုံလောက်မှုများ ဖြစ်ပေါ်လျက်ရှိတယ်ဆိုတာ မှန်ပါတယ်။ ပြည်သူ့ဆေးရုံများမှာ ဆေးဝါးလုံလောက်စွာနဲ့ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပါပေးနိုင်မယ်ဆိုရင်တော့ ပြည်သူ့အတွက်လည်း အကျိုးရှိပြီး အားကိုးအားထား ပြုရတဲ့ ဆေးရုံများဖြစ်လာမှာ မလွဲကေန် ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကမ္ဘာပေါ်မှာရှိတဲ့ ဖွံ့ဖြိုးပြီး နိုင်ငံများမှာပင်လျှင် ပြည်သူလူထုကို (၁၀၀) ရာခိုင်နှုန်း အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခြင်း မရှိသေးပါဘူး။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်သူ့ ဆေးရုံများကို လာရောက်ပြသတဲ့ လူနာများကို ဆေးဝါးလုံလောက်စွာနဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆေးရုံကို လာရောက်ပြသတဲ့ လူနာဦးရေနဲ့ လိုအပ်တဲ့ အခြေခံဆေးဝါးများရဲ့ တန်ဖိုးကို တွက်ချက်ကြည့်ရာမှာ ဒီအခြေခံဆေးဝါးတွင်ပင်လျှင် တစ်နှစ်ကို ပျမ်းမျှ

ကျပ် သန်း ရှစ်ထောင်ခန့် လိုအပ်မှာဖြစ်ပါတယ်။ ဒီအဆိုပါကိစ္စကို ကျန်းမာရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးကနေ နိုင်ငံတော်သို့ တင်ပြခဲ့ပြီးတော့ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ် အတွက် ဆေးဝါးများဝယ်ယူခြင်းနဲ့ စက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းဖို့အတွက် ရန်ပုံငွေ ကျပ် သန်းပေါင်း ၃၅၆၈ ကို ခွင့်ပြုခဲ့ပါတယ်။ ဒီငွေနဲ့ ကျန်းမာရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်ရေး ဌာနကနေ အခြေခံဆေးဝါးတွေကို ဝယ်ပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဦးစားပေး အဆင့်အတန်းအလိုက် ဆေးရုံများသို့ ထောက်ပံ့ရန် စီစဉ်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနမှာ ၂၉-၇-၂၀၁၁ ရက်နေ့ကနေ ၃၁-၇-၂၀၁၁ ရက်နေ့အထိ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာနမှာ ပြုလုပ်ခဲ့တဲ့ ကျန်းမာရေးလောကရဲ့ ရှေ့ဆောင် ဆရာဝန်ကြီး၊ ဆရာမကြီးများပါဝင်တဲ့ ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကြီးမှာလည်း ဆွေးနွေးခဲ့တဲ့ ရလဒ်တွေမှာ ပြည်သူ့ဆေးရုံ များကို ဆေးဝါးများလုံလောက်စွာ ထောက်ပံ့နိုင်ရေးကိစ္စတွေ ပါဝင်တယ်။ အဲဒီအတွက်

ထောက်ခံဆွေးနွေးချက်တွေကိုလည်း ဆက်လက် အစီရင်ခံတင်ပြပြီးတော့ လမ်းညွှန်မှုခံယူ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အချုပ်အားဖြင့်ပြောရရင် ဆေးရုံများမှာ ဆေးဝါးလုံလောက်စွာနဲ့ ပြည်သူလူထုအား ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး အတွက် ဆောင်ရွက်ပေးရန် ကျွန်တော်တို့မှာ အစီအစဉ်တွေရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်မှ ခွဲဝေခွင့်ပြုခဲ့တဲ့ ရန်ပုံငွေနဲ့လည်း ပြည်နယ်နဲ့တိုင်းဒေသ ကြီးမှာရှိတဲ့ ဆေးရုံများမှာ ဆေးဝါးများကို ယခင်ထက် ပိုမိုဖြည့်ဆည်းသွားနိုင်ရေးအတွက် ဦးစားပေးအစီအစဉ်အနေနဲ့ စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြန်ကြားလိုပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ် ခင်ဗျား။

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဥပဒေ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၁၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၂။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ။**

လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းများ ညစ်ညမ်းမှု တို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ထိခိုက်စေလျက်ရှိကြောင်း တွေ့ရှိရ ပါတယ်။ အဆိုပါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်မှုများ ဆောင်ရွက်ပေးရန် အစီအစဉ်

ရှိ/မရှိ။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေး ခြင်းမပြုနိုင်သည်ကို သက်ဆိုင်ရာမှ ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၃း၁၄။**

**ဦးဝင်းထွန်း၊ (ပြည်ထောင်စုဝန်ကြီး၊ သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဖြစ်ပါတယ်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ရဲ့ မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းညစ်ညမ်းမှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကို ထိခိုက်စေလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့်ပတ်သက်၍ ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ချက်များ ဆောင်ရွက် ပေးပါရန် ရှိ/မရှိ။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်။ မရှိပါကမည်သည့် အတွက်ကြောင့် ဆောင်ရွက်ပေးခြင်း မပြုနိုင်သည်ကို ပြန်လည်ဖြေကြားပေးပါရန် မေးမြန်း ထားချက်ကို အောက်ဖော်ပြပါအတိုင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်ရာမှာ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုမရှိစေရန်အတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ၁၉၉၀ ခုနှစ်မှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး

၁၉၉၄ ခုနှစ်မှာတော့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒများကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ အိုဇုံးလွှာကာကွယ်ရေး ဆိုင်ရာ ဗီယက်နမ်ကွန်ဗင်းရှင်း အိုဇုံးလွှာ ပျက်စီးစေသော ဓါတ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်နှင့် ယင်းနောက်ဆက်တွဲစာချုပ်၏ လန်ဒန်ပြင်ဆင်ချက်ကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင်လည်းကောင်း၊ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ရဲ့ ကိုပင်ဟေဂင် ပြင်ဆင်ချက်ကို ၂၀၀၉ခုနှစ်၊ မေလ JJရက်နေ့တွင်လည်းကောင်း အဖွဲ့ဝင်အဖြစ် လက်မှတ် ရေးထိုးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းတဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများရဲ့ အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- လေထုညစ်ညမ်းမှုထိန်းသိမ်းရေး ဆောင်ရွက်ချက်အနေနဲ့ ရေခဲသေတ္တာ၊ မော်တော်ယာဉ်၊ လေအေးစက်နှင့် အအေးခန်းများမှာ အအေးပေးပစ္စည်းအဖြစ် အသုံးပြုတဲ့ ( CFC ) ခေါ် ကလိုရိုဖလုိရိုကာဗွန် တင်သွင်းသုံးစွဲမှုကို အဖွဲ့ဝင်နိုင်ငံများအနေနဲ့ ၂၀၁၀

ခုနှစ်မှာ ရပ်ဆိုင်းရမှာဖြစ်တာနဲ့အညီ မြန်မာနိုင်ငံအနေနဲ့လည်းပဲ ၂၀၀၆ ခုနှစ်က စလို့ ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အအေးပေးပစ္စည်း စီမံခန့်ခွဲမှုစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းစီမံကိန်းနှင့် အိမ်သုံးရေခဲသေတ္တာများမှ ( CFC ) ပြန်လည်ထုတ်ယူ၍ ပြုပြင်သုံးစွဲရေး လုပ်ငန်းစီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အိုဇုံးလွှာကို ပျက်စီးစေသော ဓာတ်ပစ္စည်းများ သုံးစွဲခြင်းမှလျှော့ချခြင်း ရပ်ဆိုင်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် အမျိုးသားအိုဇုံးယူနစ် တည်ထောင်ရေးလုပ်ငန်း စီမံကိန်းများ ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဆက်တည်းမှာပင် အိုဇုံးဆိုင်ရာ စည်းမျဉ်းစည်းကမ်း များ ရေးဆွဲရေးလုပ်ငန်းစီမံကိန်းပါ ဆောင်ရွက်လျက်ရှိပြီး အိုဇုံးလွှာ ပျက်စီးစေသော ဓာတ်ပစ္စည်းများနှင့်ပတ်သက်သော လုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ အမိန့်မှုကြမ်းကို လည်း ရေးဆွဲထားရှိပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- နေပြည်တော်-ရန်ကုန် နဲ့ မန္တလေး-ပြင်ဦးလွင်မြို့များမှာ လေထု ညစ်ညမ်းမှု တိုင်းတာရေးစက်များနဲ့

လေအရည်အသွေးများကို တိုင်းတာမှတ်တမ်းတင်နိုင်ခဲ့ပါ တယ်။ ထို့အပြင် ထိုင်းနိုင်ငံနှင့်ပူးပေါင်းပြီး တာချီလိတ်မြို့မှာ နယ်စပ်ဒေသ လေအရည်အသွေး တိုင်းတာမှုလုပ်ငန်းကိုလည်း ၂၀၀၉ ခုနှစ် နဲ့ ၂၀၁၀ ခုနှစ်များမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

စွမ်းအင်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနဲ့ စည်ပင်သာယာရေးကော်မတီများမှာလည်းပဲ လေထုညစ်ညမ်းမှုလျော့နည်းရေးအတွက် ဌာနအလိုက် ရည်မှန်းချက်များ ချမှတ်ပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ရေအရည်အသွေးများ တိုင်းတာမှုလုပ်ငန်း များကို ဌာနလုပ်ငန်းတစ်ခုအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကနဦး အမျိုးသားအစီရင်ခံစာ Initial National Communication Report ပြုစုရေးလုပ်ငန်းစီမံကိန်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီးတော့ မြန်မာနိုင်ငံရဲ့ ဖန်လုံအိမ်ဓါတ်ငွေ့ (CHG)၊ (GHG) ထုတ်လုပ်မှုပမာဏကို ခန့်မှန်းတွက်ချက် နိုင်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်ကို အခြေခံပြီးတော့

တွက်ချက်ရာမှာ မြန်မာနိုင်ငံရဲ့ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏမှာ တန် ၇၄.၃၅၈ သန်းရှိပြီး သစ်တောများမှ ဖန်လုံအိမ်ဓာတ်ငွေ့ စုပ်ယူမှုပမာဏမှာ တန် ၁၄၂.၂၂၁ သန်းရှိပါတယ်။ ကာဗွန်ထုတ်လွှတ်မှုထက် သစ်တောများက ကာဗွန်စုပ်ယူမှု ပိုမိုနေတာကိုလည်း တွေ့ရှိနေပါတယ်။ ဒါကြောင့်မို့လို ့မြန်မာနိုင်ငံဟာ အသားတင် ကာဗွန်ထုတ်လွှတ်တဲ့ နိုင်ငံတစ်ခုမဟုတ်သေးကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- နိုင်ငံတော်အစိုးရအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း များကို ကျယ်ကျယ်ပြန့်ပြန့်ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီကို ဆက်စပ်တဲ့ဝန်ကြီးဌာန (၁၉) ခုမှ အဖွဲ့ဝင် (၂၁)ဦး ပါဝင်သော ကော်မတီကိုလည်း ဖွဲ့စည်းပေးထားခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဥပဒေ (မူကြမ်း) ကို ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များနဲ့ အလုပ်ရုံဆွေးနွေးပွဲများ အစည်းအဝေးများ

ကျင်းပပြီးတော့ ရေးဆွဲခဲ့ပါတယ်။ ခုအခါမှာ အဲဒီမြန်မာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ဥပဒေ (မူကြမ်း)ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်များ၊ ဆက်စပ်တဲ့ ဌာနဆိုင်ရာများမှ ကျွမ်းကျင်ပညာရှင်များက လက်ရှိအခြေအနေများ နဲ့ လိုက်လျောညီထွေရှိအောင် ပြန်လည်ပြင်ဆင်ရေးဆွဲပြီးလည်းဖြစ်ကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြား တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဟာ အရေးကြီးတဲ့အတွက် ပြုစုထားပြီးဖြစ်တဲ့ ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်ကို အမြန်ဆုံးတင်သွင်းဖို့ တိုက်တွန်းပါတယ်။

**ဦးဝင်းထွန်း၊ (ပြည်ထောင်စုဝန်ကြီး၊ သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ဆောင်ရွက် ပါမယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အဆိုအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ သစ်တောကြိုးဝိုင်း ဧရိယာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုများ၏ သားသမီးများ ပညာရေးကို စဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးထွန်းမြင့်က သစ်တောကြိုးဝိုင်းဧရိယာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုများ၏သားသမီးများ ပညာရေးကို စဉ်းစားပေးရန်နှင့်စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဒီလို အဆိုတင်သွင်းတဲ့အခါမှာ သက်ဆိုင်ရာတာဝန်ရှိတဲ့

ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြန်လည်ဆွေးနွေးခွင့်ရှိပါတယ်။ အဆိုသည် မှန်ကန်ကောင်းမွန် တယ်ဆိုရင်လည်း လက်ခံကြောင်းပြောပေးဖို့လိုပါတယ်။ အခု ဦးထွန်းမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၁။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။

။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)ဖြစ်တဲ့ ကသာမြို့နယ်၊ အင်းတော်မြို့နယ်၊ ထီးချိုင့်မြို့နယ် (၃) မြို့နယ်ကို ကိုယ်စားပြု ရွေးချယ်ခံထားသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်၏ အဆိုကို ဖတ်ကြားတင်သွင်းခွင့်ပြုပေးပါရန် ခွင့်တောင်းတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးထွန်းမြင့်၊စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။

။သစ်တောကြိုးဝိုင်းဧရိယာ အတွင်း ရောက်ရှိနေထိုင်လျက်ရှိနေသော

မိသားစုများ၏သားသမီးများ ပညာရေးကို စဉ်းစား ပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သစ်တောကြိုးဝိုင်းဧရိယာများ သတ်မှတ်ခဲ့သောအချိန်က လူဦးရေနှင့် ယခုအချိန်ရှိ လူဦးရေသည် တစ်ဆခွဲ ကျော်ကျော်တိုးပွားလျက် ရှိပါသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ လုပ်ကိုင်စားသောက် ရန် စိုက်ပျိုးမြေနေရာသစ်များကို သစ်တောကြိုးဝိုင်းအတွင်း ဝင်ရောက်လုပ်ကိုင်လာကြ ကြောင်းကိုလည်း တွေ့ရှိရပါသည်။ အဆိုပါသစ်တောကြိုးဝိုင်းအတွင်းရှိ မိသားစုများသည် မိမိတို့၏ သား/သမီးများကို ပညာသင်ကြားပေးနိုင်ရန်အတွက် ကိုယ့်အားကိုယ်ကိုးကျောင်းများ ထူထောင်ပြီး ဆရာငှားရမ်း စာသင်ကြားလျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ ဥပမာ အားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ ထီးချိုင့်မြို့နယ်တွင် သစ်တောကြိုးဝိုင်းဧရိယာ ကျယ်ပြန့်စွာပါဝင်နေသကဲ့သို့ ကိုယ့်အားကိုယ်ကိုးကျောင်းများစွာလည်း အရေအတွက် ရှိပါ သည်။

အေးချမ်းလွင်ကိုယ့်အားကိုယ်ကိုးကျောင်း၊ ရေဖြူလွင်ကိုယ့်အားကိုယ်ကိုးကျောင်းနှင့် သစ်ဆုံအင်းကိုယ့်အားကိုယ်ကိုးကျောင်းများဟာ အင်ဒေါင်းကြိုးဝိုင်းအတွင်းရှိပါတယ်။ ဟသ်ာ ကိုယ့်အားကိုယ်ကိုးကျောင်းဟာ ဟသ်ာအပတောကြိုးဝိုင်းမှာ ရှိပါတယ်။ နန့်ပေါင်း ကိုယ့်အားကိုယ်ကိုးကျောင်းဟာ နန့်ပေါင်းအပတော သစ်တောကြိုးဝိုင်းအတွင်းမှာ တည်ရှိ နေပါတယ်။

အထက်ပါ ကိုယ့်အားကိုယ်ကိုးကျောင်းများသည် သစ်တောကြိုးဝိုင်းအတွင်းတွင် တည်ရှိနေသောကြောင့် မြေတိုင်းဦးစီးဌာနမှ ပုံစံ (၁၀၅) မထုတ်ပေးနိုင်သဖြင့် ပညာရေးဌာန အနေဖြင့် ကျောင်းအဆင့် တိုးမြှင့်သတ်မှတ်ပေးနိုင်ရေးတင်ပြရာတွင် မရပါ။ ကျောင်းသား အင်အားမှာလည်း (၃၀) ကျော်မှ (၁၅၀)ကျော်ထိ ရှိနေကြပါသည်။ အထူးသဖြင့် အေးချမ်းလွင် ကိုယ့်အားကိုယ်ကိုးကျောင်းသည် ကျောင်းသားအင်အား (၁၅၀) ကျော်ရှိသည့်အပြင် ယခု ဖောက်လုပ်နေဆဲဖြစ်သော ပြည်ထောင်စုလမ်းမကြီး အမှတ် - ၂ ၊ မန္တလေး-ဗန်းမော် ကားလမ်းမ

ကြီးရဲ့အပေါ်မှာ တည်ရှိနေတဲ့ ကိုယ့်အားကိုယ်ကိုးကျောင်းတစ်ကျောင်းလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ ထီးချိုင့်မြို့နှင့် အလားတူ ကျန်သစ်တောကြိုးဝိုင်းရှိသော မြို့နယ်များမှ

ကြိုးဝိုင်း အတွင်းမိသားစုများ၏ သား/သမီးများ ပညာသင်ကြားရေးကို အဆင်ပြေစေရန် -

- တိုးပွားလာသောလူဦးရေနှင့်အညီ သစ်တောကြိုးဝိုင်းအတွင်း စိုက်ပျိုးမြေ နေရာသစ်များဖော်ထုတ်မှုကို ပီပြင်စွာဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းနိုင်မှုအတွက် သစ်တောကြိုးဝိုင်းဧရိယာကို ပီပီပြင်ပြင်ပြန်လည် သတ်မှတ်ပေးပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ အတွက် သစ်တောကြိုးဝိုင်းဧရိယာကိုပြန်လည်ပြင်ဆင်သတ်မှတ်ပေးသွားပါရန်။

- ပြင်ဆင်သတ်မှတ်ပေးထားသော မြေနေရာသစ်များပေါ်ရှိ နယ်မြေသစ်များကို ကျေးရွာသစ်များအဖြစ် သတ်မှတ်ပေးသွားပါရန်။

- သတ်မှတ်ပေးသော ကျေးရွာသစ်များရှိ မိသားစုများ၏ သား/သမီးများ ပညာရေး အတွက် ကျောင်းများဖွင့်လှစ်ပေးသွားပါရန်အဆိုတို့ကို တင်ပြဆွေးနွေးအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၃း၂၄။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။

။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးမြတ်ကို

ဖြစ်ပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့် တင်သွင်းသော သစ်တောကြိုးဝိုင်းဧရိယာ အတွင်း ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုများ၏ သားသမီးများ၏ ပညာရေးကို စဉ်းစား ပေးနိုင်ပါရန် အဆိုကို ထောက်ခံပါတယ်။

**အချိန်၊ ၁၃း၂၅။**

**ဥက္ကဋ္ဌ**။ ။ သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်း ဆွေးနွေးရန်ရှိက ရှင်းလင်းဆွေးနွေးပါရန် ဖြစ်ပါတယ်။

**ဦးဝင်းထွန်း၊ (ပြည်ထောင်စုဝန်ကြီး၊ သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ရှင်းလင်း ဆွေးနွေးရန် မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးထွန်းမြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ သစ်တောကြိုးဝိုင်းဧရိယာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုများ၏ သား/သမီး များ

ပညာရေးကိုစဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါ တယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျာ။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးထွန်းမြင့်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းမြင့်တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါ က အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသား လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။ အဆိုကို ဆွေးနွေးမယ့် ရက်နှင့်

ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းရမယ့်ရက်ကို သတ်မှတ်ပြီး တော့ အကြောင်းကြားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ လွှတ်တော်ရုံးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကဆွေးနွေး စဉ်းစား ရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။ ဒီအချိန်မှာ ဥပဒေနဲ့ပတ်သက်လို့ ဖတ်ကြားခြင်း၊ ရှင်းလင်းခြင်းပြုရန် မလိုဘဲနဲ့ အဆိုတင်သွင်းခွင့်ကိုသာ တောင်းခံဖို့ ဖြစ်ပါတယ်။ ထောက်ခံသူ ရှိလို့ရှိရင် ထောက်ခံသူကလည်း ဒါကို ရှင်းလင်းစရာမလိုဘဲ ထောက်ခံကြောင်း ပြောကြားရင် လုံလောက်ပါတယ်။ ထောက်ခံပြီးတဲ့အခါမှာ ဒီဥပဒေကြမ်းကို ဖတ်ကြားရှင်းလင်း တင်ပြဖို့ ခွင့်ပြုမှာဖြစ်ပါတယ်။

## လွှတ်တော်ရုံးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်

# အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၂၈။**

## ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။

။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်သို့ လွှတ်တော်ရုံးဥပဒေ(မူကြမ်း)တစ်ခု တင်သွင်းသွား မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဥပဒေပြုမှုလုပ်ငန်းတွေထဲမှာ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်း ဖြစ်တဲ့ လွှတ်တော်လုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်တဲ့ ဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စတွေ၊ ဝန်ထမ်းရေးရာကိစ္စတွေ၊ အဆောက်အအုံထိန်းသိမ်းရေး ပြုပြင်ရေးကိစ္စတွေနဲ့ အခြားစီမံခန့်ခွဲရေးကိစ္စတွေ စနစ်တကျမြန်ဆန်စွာ ဆောင်ရွက်နိုင်ဖို့ အတွက် ကျွန်တော်တို့ သီးခြားဥပဒေတစ်ရပ် ရေးဆွဲသင့်တယ်လို့ ဥပဒေကြမ်းကော်မတီမှာ စတင်ပြီး ညှိနှိုင်းစဉ်းစားခဲ့ပါကြောင်း

တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေ(မူကြမ်း)သည် ကျွန်တော်တို့ရဲ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ကော်မတီက ရေးဆွဲပြုစုစိစစ်ခဲ့ပြီးတော့ အမျိုးသားလွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်စေရန် ကော်မတီရဲ့ကိုယ်စား ကော်မတီဝင်တစ်ဦးဖြစ်သူ ကျွန်တော်ကနေပြီးတော့မှ အမျိုးသားလွှတ်တော် နည်းဥပဒေ ပုဒ်မ ၁၄၉(ခ) အရ ဤလွှတ်တော်ရုံးဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၂၉။**

**ဥက္ကဋ္ဌ** ။ ။ ထောက်ခံမယ့်ပုဂ္ဂိုလ်ရှိပါက ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၉။**

**ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့် ဖြစ်ပါတယ်။ ဒီလွှတ်တော်ရုံးဥပဒေကို အတည်ပြု ပြဋ္ဌာန်းပြီးမှသာလျှင် လွှတ်တော်ရုံးရဲ့စီမံခန့်ခွဲရေးကိစ္စအဝဝ၊ ဝန်ကြီးကိစ္စ၊ ဝန်ထမ်းရေးရာကိစ္စ၊ စီမံရေးရာကိစ္စများကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) ဦးတင်ယု မှ တင်သွင်းသော လွှတ်တော်ရုံး ဥပဒေကြမ်းကို ဒီလွှတ်တော်ကနေပြီးတော့မှ ဆွေးနွေးစဉ်းစားပေးဖို့ ထောက်ခံ အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## လွှတ်တော်ရုံး ဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ယခု ဦးတင်ယုအား လွှတ်တော်ရုံးဥပဒေကြမ်းကို ဖတ်ကြားတင်သွင်း ခွင့်ပြုပါတယ်။

**အချိန်၊ ၁၃း၃၀။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ လွှတ်တော်ရုံးဥပဒေမူကြမ်းကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ရုံးဥပဒေ။ နိဒါန်း၊ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်၏ ဥပဒေပြုမှုလုပ်ငန်း၌ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းဖြစ်သော လွှတ်တော်၏လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင် ရန်အလို့ငှာ လိုအပ်သောဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စများ၊ ဝန်ထမ်းရေးရာကိစ္စများ၊ လွှတ်တော် အဆောက်အအုံ ထိန်းသိမ်းပြုပြင်ရေးကိစ္စများနှင့် အခြားစီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို စနစ်တကျ မြန်ဆန်စွာ တာဝန်ခံညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်နိုင်မည့် လိုအပ်သော ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ပုဒ်မ ၁၊ ဤဥပဒေကို လွှတ်တော်ရုံး ဥပဒေဟု ခေါ်တွင်စေရမည်။ ပုဒ်မ ၂၊ ဤ ဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ပုဒ်မခွဲ (က) လွှတ်တော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်များကို ဆိုလိုသည်။ ပုဒ်မခွဲ (ခ) လွှတ်တော်ရုံး ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော လွှတ်တော်ရုံးကို ဆိုသည်။ ပုဒ်မခွဲ (ဂ)လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေတို့အရ ရွေးကောက်တင်မြှောက်ခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။ ပုဒ်မခွဲ (ဃ) အုပ်ချုပ်ရေးအဖွဲ့ဆိုသည်မှာ လွှတ်တော်ရုံးကိစ္စအဝဝအတွက် တာဝန်ခံဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။ ပုဒ်မခွဲ(င) လွှတ်တော်အဆောက်အအုံနှင့် ပရဝုဏ် ဆိုသည်မှာ ပြည်ထောင်စု လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်အဆောက်အအုံ၊ အမျိုးသားလွှတ်တော်

အဆောက်အအုံ၊ အထောက်အကူပြုအဆောက်အအုံများနှင့် ယင်းအဆောက်အအုံများ တည်ရှိရာမြေ၊ ဥပစာများအပါအဝင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးကိုဆိုသည်။ ပုဒ်မခွဲ(စ) လွှတ်တော်အဖွဲ့အစည်းဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များကို ဆိုသည်။

အခန်း(၂)၊ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။ ပုဒ်မ(၃) အုပ်ချုပ်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားရှိသည်-

(က) ပြည်ထောင်စုလွှတ်တော်နာယက

( ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ (သို့မဟုတ်) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

( ဂ) ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌများ

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

( င) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

( စ) ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး

(ဆ) နေပြည်တော်ကောင်စီဥက္ကဌ

(ဇ) ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဌများနှင့် လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဌများ၊

ပုဒ်မ ၄ ပြည်ထောင်စုလွှတ်တော် နာယက သည် အုပ်ချုပ်ရေးအဖွဲ့၏ဥက္ကဋ္ဌ ဖြစ်၍ ပြည်သူ့လွှတ်တော် (သို့မဟုတ်) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် အုပ်ချုပ်ရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သည်။

ပုဒ်မ၅အုပ်ချုပ်ရေးအဖွဲ့၏အတွင်းရေးမှူးအဖြစ် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ကလည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့၏ တွဲဖက်အတွင်းရေးမှူးအဖြစ် လွှတ်တော်ရုံးရှိ သင့်လျော်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) ညွှန်ကြားရေးမှူးတစ်ဦးဦးက လည်းကောင်း တာဝန်ယူဆောင်ရွက်ရမည်။

အခန်း(၃)၊ အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ ပုဒ်မ ၆ အုပ်ချုပ်ရေး အဖွဲ့သည် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး များနှင့် အရာထမ်းများကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ခန့်ထားရမည်။ ပုဒ်မ ၇ အုပ်ချုပ်ရေးအဖွဲ့သည် လွှတ်တော်အဆောက်အအုံနှင့် ပရဝုဏ်၏ ရေရှည်တည်တံ့ရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ လုံခြုံရေးနှင့် အခြားစီမံခန့်ခွဲရေးကိစ္စများကို တာဝန်ခံဆောင်ရွက်ရမည်။ ပုဒ်မ ၈ အုပ်ချုပ်ရေးအဖွဲ့သည် အောက်ပါကိစ္စရပ်များကိုလည်း စီမံခန့်ခွဲရမည်။ (က) လွှတ်တော်အဖွဲ့အစည်းဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များနှင့် အခြားခံစားခွင့် များကို ပြည်ထောင်စုအင်္ဂါစဉ်နှင့် လုိက်လျောညီညွတ်စွာ ရေးဆွဲသတ်မှတ်ခြင်း။ (ခ)လွှတ်တော် ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များအပါအဝင် လွှတ်တော်ရုံးတစ်ခုလုံး၏ နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်း အတည်ပြုသတ်မှတ်ခြင်း။ (ဂ) လွှတ်တော်ဥပစာနယ်နိမိတ် သတ်မှတ်ခြင်း။ (ဃ) လွှတ်တော်အဆောက်အအုံများကို

အသုံးပြုခွင့်ပြုခြင်း။ (င) လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံနှင့် တာဝန်နှင့်ဝတ္တရားများကို သတ်မှတ်ခြင်း။ (စ) ဝန်ထမ်းများ၏ ကျင့်ဝတ် စည်းကမ်းများကို သတ်မှတ်ခြင်း။ (ဆ) ဝန်ထမ်းများ၏ လစာ၊ စရိတ်၊ ကြေးငွေနှင့် ရပိုင်ခွင့်များ သတ်မှတ်ခြင်း။

ပုဒ်မ ၉ အုပ်ချုပ်ရေးအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်အတွက် လွှတ်တော် မော်ကွန်းတိုက်တစ်ခုကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ အတွက် နိုင်ငံတကာ ခေတ်မီစာကြည့်တိုက် တစ်ခုစီကိုလည်းကောင်း ထူထောင်နိုင်အောင် စီမံဆောင်ရွက်ရမည်။

ပုဒ်မ ၁၀ အုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ ညွှန်ကြားရေးမှူးချုပ်သည် အရာထမ်းမဟုတ်သော ကျန်အမှုထမ်းများကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်ထားနိုင်သည်။

ပုဒ်မ ၁၁ လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်သည် လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေ၊ စရိတ်များနှင့် လွှတ်တော်အဆောက်အအုံများဆိုင်ရာ သုံးစွဲငွေများ အပါအဝင်

လွှတ်တော်တစ်ခုလုံး၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ညှိနှိုင်း၍ ပြုစုပြီးလျှင် အုပ်ချုပ်ရေးအဖွဲ့၏ အတည်ပြုချက်ကို ရယူရန် တင်ပြရမည်။

ပုဒ်မ ၁၂ အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုပြီးသော ရသုံးခန့်မှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရန်အလို့ငှာ နိုင်ငံတော်ရသုံး ခန့်မှန်းခြေငွေစာရင်း၌ ထည့်သွင်းတင်ပြရမည်။

အခန်း(၄)၊ အထွေထွေ၊ ပုဒ်မ ၁၃ အုပ်ချုပ်ရေးအဖွဲ့သည် ဤဥပဒေပါကိစ္စရပ် များနှင့် အောက်ဖော်ပြပါကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သော နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်နိုင်သည်။

(က) အုပ်ချုပ်ရေးအဖွဲ့၏ အစည်းအဝေးဆုိင်ရာကိစ္စများ၊ (ခ)လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ (ဂ)လွှတ်တော် အဆောက်အအုံများ၏ သန့်ရှင်းသာယာသပ်ရပ်ရေး၊ ပြုပြင် ထိန်းသိမ်းရေးကိစ္စရပ်များ၊ (ဃ) လွှတ်တော်အဆောက်အအုံသို့ ဧည့်သည်တော်များနှင့် လေ့လာသူများ

လာရောက်ရေးကိစ္စရပ်များ၊ (င)လွှတ်တော်ဝန်ထမ်းများခန့်ထားရေး၊ ရာထူး တိုးမြှင့်ရေး၊ ရပိုင်ခွင့်အခွင့်အရေးများ၊ အရေးယူအပြစ်ပေးရေး၊ အယူခံဝင်ရောက်ရေး ကိစ္စရပ်များ၊ (စ) လွှတ်တော်ဘဏ္ဍာငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲရေးကိစ္စရပ်များ။

ပုဒ်မ ၁၄ လွှတ်တော်ဥက္ကဋ္ဌများက ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်အတွက် ဆုံးဖြတ်လုပ်ကိုင် ဆောင်ရွက်သည့်ကိစ္စရပ်များပေါ်ပေါက်ပါက ယင်းဆောင်ရွက်ချက်များသည် ဤလွှတ်တော်ရုံး ဥပဒေပါ အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များနှင့်အညီဖြစ်သည်ဟု မှတ်ယူရမည်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရုံးဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း**

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရုံး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသား လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ လွှတ်တော်ရုံးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အမျိုးသားလွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ရုံးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရုံး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များဟာ ဆွေးနွေးလိုသည့်

အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၉-၈-၂၀၁၁ ရက် (တနင်္လာနေ့)ထက်် နောက်မကျစေဘဲ အမျိုးသားလွှတ်တော်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ တင်သွင်းထားတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။ အခု လွှတ်တော်ကို ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကို မိနစ်(၃၀)ကြာရပ်နားပြီး ၁၄း၁၀ နာရီ အချိန်မှာ ပြန်လည်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၃၈။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၃း၃၈ နာရီအချိန်တွင် ရပ်နားပြီး ၁၄း၁၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါမည်။]

**အချိန်၊ ၁၄း၁၀။**

**အခမ်းအနားမှူး။**

။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၁။**

**ဒေါက်တာမြအေး ၊ (ပြည်ထောင်စုဝန်ကြီး ၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့်

ယခုတင်သွင်းမည့် ဥပဒေကြမ်းကတော့ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်းအဆိုကို တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၄း၁၁။**

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမယ့်သူရှိက ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၂။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာေရးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တင်သွင်းသွား သော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းသည် ခေတ်ကာလအခြေအနေအရ ပြဋ္ဌာန်းရန် လိုအပ်သည့်

ဥပဒေဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အလေးအနက်ထောက်ခံတင်ပြအပ် ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၄း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက ဥပဒေကြမ်းရှင်းလင်းတင်ပြချက်ကို ဖတ်ကြား တင်သွင်းဖို့ ခွင့်ပြုပါတယ်။

**အချိန်၊ ၁၄း၁၂။**

**ဒေါက်တာမြအေး၊ (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော််အနေနဲ့ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းကို တင်သွင်းခွင့်ပြုပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းမှာ အခန်း(၈)ခန်း ပါဝင်ပါတယ်။ အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဖြစ်ပါတယ်။

အခန်း(၁)။အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်။(၁)ဤဥပဒေကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေဟု ခေါ်တွင်စေရမည်။ (၂) ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ (က) ကိုယ်ပိုင်ကျောင်းဆိုသည်မှာ ပညာရေး အရည်အသွေးမြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သော အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်များအတိုင်းဖြစ်စေ၊ အဆိုပါ ဘာသာရပ်များအတွက် သင်ခန်းစာများထပ်ဆောင်း၍ဖြစ်စေ၊ လေ့ကျင့်သင်ကြားပေးသော ပုဂ္ဂလိက တည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာကျောင်းကိုဆိုသည်၊ (ခ)ကိုယ်ပိုင်ကျောင်းဆရာ ဆိုသည်မှာ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရန် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ရရှိသူကို ဆိုသည်၊ (ဂ) တည်ထောင်ဖွင့်လှစ်သူဆိုသည်မှာ ကိုယ်ပိုင်ကျောင်း တည်ထောင်

ဖွင့်လှစ်ရန် ငွေကြေး၊ မြေနေရာ၊ စာသင်ဆောင်၊ ဘော်ဒါဆောင်၊ ပစ္စည်း၊ ပရိဘောဂ စသည့် အရင်းအနှီးစိုက်ထုတ်ထားသောပုဂ္ဂိုလ်ကို ဆိုလိုသည်၊ (ဃ) ဘော်ဒါဆောင်ဆိုသည်မှာ ကိုယ်ပိုင်ကျောင်း၏ ကျောင်းသူ ကျောင်းသားများနေထိုင်ရန် စီမံထားသော အဆောက်အအုံကို ဆိုလိုသည်၊ (င) ထပ်ဆောင်းဘာသာရပ်ဆိုသည်မှာ သတ်မှတ်ထားသော ကျောင်းသင်

ဘာသာရပ်များအပြင် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထပ်ဆောင်းသင်ကြားပေးသော ဘာသာစကား နှင့် ဘာသာရပ်များကို ဆိုလိုသည်၊ (စ) ပညာရေးဝန်ကြီးဌာနဆိုသည်မှာ

ပြည်ထောင်စုအစိုးရအဖွဲ့၏ ပညာရေးဝန်ကြီးဌာနကို ဆိုသည်၊ (ဆ) လူမှုရေးဝန်ကြီးဌာန ဆိုသည်မှာ ပညာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ လူမှုရေးဝန်ကြီးဌာနကို ဆိုသည်၊ (ဇ)

ညွှန်ကြားရေးမှူးချုပ်ဆိုသည်မှာ သတ်မှတ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်

တာဝန်ပေးခြင်းခံရသော သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။ (ဈ) ပညာရေး အရာရှိဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အခြေခံ ပညာရုံးများ နှင့် ကျောင်းများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးအပ်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးကို ဆိုသည်။

အခန်း(၂)။ လုပ်ငန်းတာဝန်များ။ (၃) ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ မှာ အောက်ပါအတိုင်းဖြစ်သည်။ (က) ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများနှင့် ပတ်သက်၍ မူဝါဒချမှတ်ခြင်း၊ (ခ) ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများအား ကြီးကြပ်ရေးနှင့် စပ်လျဉ်း၍

ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရေးအရာရှိများအား လိုအပ်သလို ညွှန်ကြားခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊ (ဂ)ကိုယ်ပိုင်ကျောင်းတွင်သင်ကြားမည့် ထပ်ဆောင်း သင်ခန်းစာများနှင့် ထပ်ဆောင်းဘာသာရပ်ဆိုင်ရာ သင်ခန်းစာများအတွက်

စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊(ဃ)ကိုယ်ပိုင်ကျောင်းတည်ထောင် ဖွင့်လှစ်ခွင့် ပြုခြင်း သို့မဟုတ် တည်ထောင်ဖွင့်လှစ်ခွင့်ပြုရန်ငြင်းပယ်ခြင်း၊ (င)ပြည်ထောင်စုအစိုးရ အဖွဲ့က အခါအားလျော်စွာပေးအပ်သောလုပ်ငန်းတာဝန်များကိုထမ်းဆောင်ခြင်း။

(၄) လူမှုရေး ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ (က) ကိုယ်ပိုင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ရေးအတွက် ပညာရေးအရာရှိ၏ စိစစ်တင်ပြချက်အပေါ် သဘောထားမှတ်ချက်ပေးခြင်း၊ (ခ) ကိုယ်ပိုင်ကျောင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် အညီ စည်းကမ်းတကျဖြစ်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊ (ဂ) စည်းကမ်းဖောက်ဖျက် သော သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသော ကိုယ်ပိုင်ကျောင်းနှင့်စပ်လျဉ်း၍ ပညာရေး အရာရှိ၏ စုံစမ်းစစ်ဆေးတင်ပြချက်အပေါ် သဘောထားမှတ်ချက်ပေးခြင်း၊ (ဃ)ကိုယ်ပိုင်ကျောင်းဆရာနှင့် ပတ်သက်၍ ပညာရေးအရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း။

(၅) ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ (က) ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများ၏ လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျ ရှိရေးနှင့် စည်းကမ်းတကျဖြစ်ရေးအတွက် သက်ဆိုင်ရာပညာရေးအရာရှိများအား ကြီးကြပ်ကွပ်ကဲခြင်း၊(ခ)ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လျှောက်ထားချက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ စည်းကမ်းဖောက်ဖျက်သော ကိုယ်ပိုင်ကျောင်း သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသော ကိုယ်ပိုင်ကျောင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပညာရေးအရာရှိ၏တင်ပြချက်ကို ပညာရေးဝန်ကြီးဌာနသို့ဆက်လက်တင်ပြခြင်း၊(ဂ) ထပ်ဆောင်း သင်ခန်းစာများနှင့် ထပ်ဆောင်းဘာသာရပ်ဆိုင်ရာ သင်ခန်းစာများအတွက် စစ်ဆေးရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ (ဃ) ကိုယ်ပိုင်ကျောင်း၏ သင်ကြားမှုနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် စစ်ဆေးစေခြင်း၊ (င) ပညာရေးဝန်ကြီးဌာနက

အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

(၆) ပညာရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ (က) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အဖွဲ့ဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးစေခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို လူမှုရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊ (ခ) ထပ်ဆောင်း သင်ခန်းစာများနှင့် ထပ်ဆောင်းဘာသာရပ်ဆိုင်ရာ သင်ခန်းစာများအပေါ် သဘောထားမှတ်ချက် တင်ပြခြင်း၊ (ဂ)စည်းကမ်းဖောက်ဖျက်သော ကိုယ်ပိုင်ကျောင်း သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသော ကိုယ်ပိုင်ကျောင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို လူမှုရေးဝန်ကြီးဌာန သဘောထားမှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြခြင်း၊ (ဃ) ထပ်ဆောင်းဘာသာရပ်အတွက် ကိုယ်ပိုင်ကျောင်းဆရာ

မှတ်ပုံတင်လက်မှတ်ရရှိရန် တင်သွင်းလာပါက သက်ဆိုင်ရာဦးစီးဌာန သို့တင်ပြ၍ သဘောထားမှတ်ချက်ရယူခြင်း၊ (င) ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ (စ) စည်းကမ်းဖောက်ဖျက်သော ကိုယ်ပိုင်ကျောင်းဆရာကို သတိပေးခြင်း၊ ကိုယ်ပိုင်ကျောင်း ဆရာမှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ (ဆ)ကိုယ်ပိုင်ကျောင်း၏ သင်ကြားမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် စစ်ဆေးစေခြင်း၊ (ဇ)ပညာရေး ဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

အခန်း(၃)။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း။ (၇) (က) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ရာတွင် (၁) ပြည်ပနိုင်ငံအကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သော ကျောင်း

မဖြစ်စေရ၊ (၂) နိုင်ငံခြားအဖွဲ့အစည်းမှ ဦးစီးတည်ထောင်ဖွင့်လှစ်သော သို့မဟုတ် ထို အဖွဲ့အစည်း၏ အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သောကျောင်း မဖြစ်စေရ၊ (၃)သာသနာပြု ကျောင်း မဖြစ်စေရ။(ခ)ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသောပုဂ္ဂိုလ်သည် အောက်ပါ အချက်များနှင့် ကိုက်ညီရမည်။ (၁) တစ်ဦးတည်းက တည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက မြန်မာနိုင်ငံသားဖြစ်ခြင်း၊ (၂) အဖွဲ့အစည်းက တည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက ထိုအဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့ဝင်အားလုံးသည် မြန်မာနိုင်ငံသားဖြစ်ခြင်း။

(ဂ)ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်နိုင်ရန် အောက်ပါလိုအပ်ချက်များ နှင့် ပြည့်စုံရမည်။ (က) အနည်းဆုံးပဉ္စမတန်းမှ ဒသမတန်းအထိ ဖွင့်လှစ်သင်ကြားရန် စီမံထား ရှိခြင်း၊(ခ)ကျောင်း ပတ်ဝန်းကျင်၊ ကျောင်းဝန်း၊ ကျောင်းစာသင်ခန်းများမှာ ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းစင်ကြယ်မှုရှိခြင်း၊ (ဂ) ကျောင်းအဆောက်အအုံသည်

ကျောင်းအဖြစ်

အသုံးပြုနိုင်သည့်အခြေအနေရှိခြင်း၊(ဃ)ကျောင်းသားများ၏အသက်အရွယ်နှင့် ကျောင်းသား ဦးရေအလိုက် ကျောင်းသုံးပရိဘောဂ၊ သင်ကြားမှုအထောက်အကူ ကိရိယာပစ္စည်းများနှင့် နေရာထိုင်ခင်းများသင့်တင့်လုံလောက်စွာရှိခြင်း၊ (င) ဘာသာရပ်အလိုက် ထပ်ဆောင်းသင်ကြား ပေးလိုသည့် သင်ခန်းစာများနှင့် ထပ်ဆောင်းဘာသာရပ်သင်ခန်းစာများကုိ ပြည့်စုံမှန်ကန်စွာပြုစုတင်ပြခြင်း၊ (စ) ကိုယ်ပိုင်ကျောင်း၏အတန်းများတွင် ဘာသာရပ်အလိုက် သင်ကြားမည့် ကိုယ်ပိုင်ကျောင်းဆရာဦးရေလုံလောက်မှုရှိခြင်း၊ (ဆ) ကိုယ်ပိုင်ကျောင်းတွင် သင်ကြားမည့် ရက်သတ္တပတ်သင်ကြားမှု အစီအစဉ်ကို စနစ်တကျရေးဆွဲထားခြင်း၊ (ဇ)ဘော်ဒါဆောင်ထားရှိပါက - (၁)ဘော်ဒါဆောင် အဆောက်အအုံသည် ဘော်ဒါဆောင်အဖြစ် အသုံးပြုနိုင်သည့်အခြေအနေရှိခြင်း၊ (၂) အမျိုးသားဘော်ဒါဆောင်နှင့် အမျိုးသမီး ဘော်ဒါဆောင်များကို သီးခြားစီထားရှိပြီး အမျိုးသမီးဘော်ဒါဆောင်အား လုံခြုံစွာကာရံ

ထားရှိခြင်း၊ (၃) ဘော်ဒါ ဆောင်အလိုက် အဆောင်မှူးထားရှိခြင်း၊ (၄)အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအစီအမံ များထားရှိခြင်း။

(၉) ပုဒ်မ၇ပါအချက်များနှင့် ကိုက်ညီသောပုဂ္ဂိုလ်သည် ပုဒ်မ၈ပါ လိုအပ်ချက် များနှင့်ပြည့်စုံသော ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားရမည်။

(၁၀) (က)ပညာရေးအရာရှိသည် ပုဒ်မ၉အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များ နှင့်အညီစိစစ်ပြီး လူမှုရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်၊ (ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(က)အရ ပညာရေးအရာရှိ၏ တင်ပြချက်အပေါ် သဘောထားမှတ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်၊ (ဂ)ပညာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ(ခ)အရ တင်ပြသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် လျှောက်လွှာများကို စိစစ်ပြီး ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း ဖွင့်လှစ်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်၊ (ဃ)

ပုဒ်မခွဲ(ဂ)အရ ချမှတ်သော ပညာရေးဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

(၁၁) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)အရ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး သက်ဆိုင်ရာ လျှောက်ထားသူအား ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် လက်မှတ်ကို စည်းကမ်းချက်များနှင့်အတူ ပညာရေးဝန်ကြီးဌာနက ထုတ်ပေးရမည်။

(၁၂)သက်ဆိုင်ရာပညာရေးအရာရှိသည် မှတ်ပုံတင်ခွင့်ရရှိသည့် ကိုယ်ပိုင်ကျောင်း ၏အချက်အလက်များကို မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ်ကို အများပြည်သူတို့အား သင့်လျော်သောအချိန်တွင် ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

(၁၃) တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ကို ထိုကိုယ်ပိုင်ကျောင်းတွင် အများပြည်သူတို့ မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်။

(၁၄) တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်းကို ဆက်လက်တည်ထောင် ဖွင့်လှစ်လိုပါက သတ်မှတ်ထားသည့် နှစ်စဉ်ကြေးကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်း ရမည်။

(၁၅) မည်သည့်ကိုယ်ပိုင်ကျောင်းမဆို

အောက်ပါအချက်များကို လိုက်နာရမည်။ (က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို အလေးထားဆောင်ရွက်ခြင်း၊ (ခ) ပုဒ်မ ၈ပါ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ရန် လိုအပ်သည့်အချက်များကို ပြည့်စုံစွာဆောင်ရွက်ခြင်း၊ (ဂ) ကိုယ်ပိုင် ကျောင်းကို စနစ်တကျစီမံခန့်ခွဲနိုင်သည့် အရည်အချင်းနှင့်ပြည့်စုံသူကိုသာ ကိုယ်ပိုင်ကျောင်း ကြီးကြပ်သူ အုပ်ချုပ်သူအဖြစ် တာဝန်ပေးဆောင်ရွက်စေခြင်း၊ (ဃ) သက်ဆိုင်ရာ ပညာသင်နှစ် အတွက် သတ်မှတ်ထားသည့် နှစ်စဉ်ကြေးပေးသွင်းပြီးသော ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင် လက်မှတ်ရှိသူကိုသာ သင်ကြားခွင့်ပြုခြင်း၊ (င) ကျောင်းသားများ၏ စာရိတ္တဗလ၊ ဉာဏဗလ၊ ကာယဗလ စွမ်းရည်များ

မြင့်မားတိုးတက်စေသည့် ပတ်ဝန်းကျင်အခြေအနေ သို့မဟုတ် သင်ကြားရေးအခြေအနေဖြစ်ပေါ်စေရန်ဆောင်ရွက်ခြင်း၊ (စ)ကိုယ်ပိုင်ကျောင်း၌ သင်ကြားပေး သည့် အကြောင်းအရာများသည် မြန်မာနိုင်ငံသားကလေးများအတွက် သင့်လျော်မှုရှိစေရန် နှင့်ကိုယ်ပိုင်ကျောင်းဆရာများ၏သင်ကြားမှုတိုးတက်စေရန်ဆောင်ရွက်ခြင်း ၊ (ဆ) ကိုယ်ပိုင် ကျောင်းတွင် ကျောင်းသားများအား နိုင်ငံတော်၏အကျိုးကိုထိခိုက်သော သို့မဟုတ် နိုင်ငံတော်၏ မူဝါဒနှင့်ဆန့်ကျင်သော အကြောင်းအရာများ သင်ကြားမှု၊ လေ့ကျင့်ခန်းပေးမှု သို့မဟုတ် ယင်းသို့ပြုလုပ်ရန် စီစဉ်ဆောင်ရွက်မှုများကို မပြုရခြင်း၊ (ဇ) ကိုယ်ပိုင်ကျောင်းတွင် အတန်းအသီးသီး၏ဘာသာရပ်များ၌ဖြစ်စေ၊

ထပ်ဆောင်းဘာသာရပ်များ၌ဖြစ်စေ သက်ဆိုင်ရာ အတန်းများအတွက် သတ်မှတ်သည့် သင်ရိုးမာတိကာထက် လျော့နည်းမှုမရှိစေရန် ဆောင်ရွက်ခြင်း၊ (ဈ) ထပ်ဆောင်းသင်ကြားခွင့်ပြုထားသည့် ဘာသာရပ် သင်ခန်းစာများနှင့် ထပ်ဆောင်းဘာသာရပ်သင်ခန်းစာများအား တိကျစွာသင်ကြားနိုင်ရန် ကြပ်မတ်ဆောင်ရွက် ခြင်း၊ (ည) ပုဒ်မ (၃၆) အရ

တာဝန်ဝတ္တရားဆောင်ရွက်နေသူ တစ်ဦးဦးကို အလွယ်တကူ ဝင်ရောက်စစ်ဆေးဆောင်ရွက်ခွင့်ပြုခြင်း၊ (ဠ) ကျောင်းသားတစ်ဦးချင်းအလိုက် အရည်အချင်း မှတ်တမ်းချုပ် တစ်ခုစီနှင့် ကျောင်းဝင်၊ ကျောင်းထွက်၊ ကျောင်းပြောင်း စာရင်းများကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျထားရှိခြင်း၊(ဋ) ကိုယ်ပိုင်ကျောင်း၏ ရသုံးငွေစာရင်းများ ကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထားရှိစေခြင်း၊ ထိုစာရင်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများအား အချိန်မရွေးကြည့်ရှု စစ်ဆေးခွင့်ပြုခြင်း၊ (ဍ)စာမေးပွဲများ မှန်မှန်ကျင်းပ၍ ကျောင်းသားများကို ပညာအရည်အချင်းအလျောက် အတန်းတင်၊ အတန်းခွဲ ပေးခြင်းနှင့် ကျောင်းပြောင်း၊ ကျောင်းထွက်လက်မှတ်များ ထုတ်ပေးခြင်း၊ (ဎ) ဘာသာရပ် အလိုက်သင်ကြားမည့် ကိုယ်ပိုင်ကျောင်းဆရာနှင့် သင်ကြားမှု အထောက်အကူပစ္စည်းများ လုံလောက်စွာစီမံထားရှိသင်ကြားခြင်းနှင့် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ညွှန်ကြားထား သည့်လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ခြင်း၊ (ဏ) ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ

တည်ထောင်ဖွင့်လှစ်သူ ပြောင်းလဲခြင်း သို့မဟုတ် ကိုယ်ပိုင်ကျောင်း အမည်ပြောင်းလဲခြင်း၊(တ) မိဘအုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိမှသာ ကျောင်းသား၏ အမည်ကို ပြောင်းလဲခြင်း သို့မဟုတ် ထပ်ဆောင်းအမည်ပေးခြင်း၊ (ထ) မူလတန်းမှအပ အခြား အတန်းများတွင် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော ကျောင်းဝတ်စုံကိုသတ်မှတ်ခြင်း၊ (ယင်းသို့ သတ်မှတ်ရာတွင် အခြားကိုယ်ပိုင်ကျောင်းများနှင့် ကွဲပြားစေရန်အလို့ငှာ အင်္ကျီနှင့် လုံချည် အရောင်တို့ကို သတ်မှတ်ပေးနိုင်သည်။) (ဒ)

ဘာသာရေးဆိုင်ရာသင်ခန်းစာများကို သင်ကြားပို့ချ ခွင့်မပြုခြင်း၊ (ဓ)

ကိုယ်ပိုင်ကျောင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ခြင်း။

အခန်း(၄)။ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း။(၁၆)(က)အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုပါက ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရရှိရန်

သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားရမည်။ (၁) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ် တစ်ခုခုမှ ပါရဂူဘွဲ့ သို့မဟုတ် ပညာရေးဘွဲ့ရရှိသူ၊(၂) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိပြီး ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာ သို့မဟုတ် လက်မှတ်ရရှိသူ၊ (၃) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ပညာရေး ဝန်ကြီးဌာနက ဖွင့်လှစ်သော ဆရာအတတ်ပညာရက်တိုသင်တန်းဆင်း လက်မှတ်ရရှိသူ။

(ခ) ပုဒ်မခွဲ(က) ပါ ပညာရေးဘွဲ့၊ဆရာအတတ်ပညာဆိုင်ရာဒီပလိုမာလက်မှတ် သို့မဟုတ် ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်းလက်မှတ်မရရှိစေကာမူ ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ဘာသာရပ်ဆိုင်ရာသင်ကြားမှု အတွေ့အကြုံ အနည်းဆုံး(၅)နှစ်ခန့်ရှိသူသည် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားခွင့်ရှိသည်။

(၁၇) ပညာရေးအရာရှိသည် ပုဒ်မ ၁၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက် များနှင့်အညီ စိစစ်ပြီး ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၁၈) ပညာရေးအရာရှိသည် (က) ပုဒ်မ ၁၇ အရ ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင် လက်မှတ်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး သက်ဆိုင်ရာလျှောက်ထားသူအား ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို စည်းကမ်း ချက်များနှင့်အတူ ထုတ်ပေးရမည်၊ (ခ) ပုဒ်မခွဲ(က)အရ ထုတ်ပေးသော ကိုယ်ပိုင်ကျောင်း ဆရာမှတ်ပုံတင်လက်မှတ်တွင် သင်ကြားခွင့်ပြုသည့် ဘာသာရပ်နှင့် အခြေခံပညာအဆင့်ကို ဖော်ပြရမည်။

(၁၉) ကိုယ်ပိုင်ကျောင်းဆရာသည် သက်ဆိုင်ရာ ပညာသင်နှစ်အတွက် သတ်မှတ် သည့်နှစ်စဉ်ကြေးကို

သတ်မှတ်ချက်များနှင့်အညီ ပေးသွင်း၍ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် ဆက်လက်လုပ်ကိုင်နိုင်သည်။

(၂၀) ကိုယ်ပိုင်ကျောင်းဆရာသည် သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာ ရမည်။

(၂၁) ပညာရေးအရာရှိသည် ကိုယ်ပိုင်ကျောင်းဆရာနှင့် သက်ဆိုင်သည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သော ကိုယ်ပိုင်ကျောင်းဆရာအား သတိပေးခြင်းဖြစ်စေ၊ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြစ်စေ ပြုနိုင်သည်။

အခန်း(၅)။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံခြင်း။(၂၂) ပညာရေး ဝန်ကြီးဌာနသည် ပုဒ်မ ၁၅ ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သော တည်ထောင်ဖွင့်လှစ်သူကို သတိပေးခြင်း သို့မဟုတ် ယင်း၏ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုနိုင်သည် ။

(၂၃)ပညာရေးဝန်ကြီးဌာနသည် (က) ကိုယ်ပိုင်ကျောင်းတစ်ကျောင်း၏ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းမပြုမီမည်သည့်အကြောင်းကြောင့် ထိုကိုယ်ပိုင်ကျောင်း၏ မှတ်ပုံတင်လက်မှတ်ကို မပယ်ဖျက်သင့်ကြောင်းရက်ပေါင်း ၃၀ အတွင်း ချေပလွှာ တင်သွင်းနိုင်ရန် တည်ထောင်ဖွင့်လှစ်သူထံ အကြောင်းကြားစာပေးပို့ရမည်၊ (ခ)ကျေနပ် ဖွယ်ရာအကြောင်းပြချက်ဖြင့် ချေပခြင်းမပြုနိုင်သော တည်ထောင်ဖွင့်လှစ်သူ၏ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ရမည်။

(၂၄) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ပယ်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ပညာရေးဝန်ကြီးဌာနက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

(၂၅) ကိုယ်ပိုင်ကျောင်းဆရာနှင့်ပတ်သက်၍ ပညာရေးအရာရှိ၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို

မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ လူမှုရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(၂၆) လူမှုရေးဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အယူခံမှုတွင် ပညာရေးအရာရှိ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ လူမှုရေးဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၆)။ တားမြစ်ချက်များ။ (၂၇)မည်သူမျှ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင် လက်မှတ်မရှိဘဲ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(၂၈)မည်သူမျှ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင်ကျောင်း ဆရာအဖြစ် ဆောင်ရွက်ခြင်း မပြုရ။

(၂၉) မည်သူမျှ သင်ကြားရမည့်ဘာသာရပ်နှင့် သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ

အကြောင်းအရာများကို ကိုယ်ပိုင်ကျောင်းများတွင် ဟောပြော ခြင်း သို့မဟုတ် ပို့ချခြင်း မပြုရ ။

(၃၀) မည်သူမျှ(က)

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက် များကို မမှန်မကန်ဖော်ပြခြင်း မပြုရ၊ (ခ) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ပြင်ဆ်ဆင်ပြောင်းလဲခြင်း မပြုရ၊ (ဂ) ကိုယ်ပိုင်ကျောင်းနှင့်စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာခြင်း မပြုရ၊ (ဃ)ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို အခြားသူအား လွှဲပြောင်း သုံးစွဲခွင့် မပြုရ။

(၃၁) မည်သူမျှ (က)ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင် လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်း မပြုရ၊ (ခ) ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင် လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ပြောင်းလဲခြင်း မပြုရ၊ (ဂ) ကိုယ်ပိုင်ကျောင်း ဆရာမှတ်ပုံတင်လက်မှတ်ကို အခြားသူအား လွှဲပြောင်းသုံးစွဲခွင့် မပြုရ။ အခန်း(၇)။ ပြစ်မှုနှင့်

ပြစ်ဒဏ်များ။ (၃၂) မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ကျခံစေရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

(၃၃) မည်သူမဆို ပုဒ်မ ၂၉ နှင့် ၃၀ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ကျခံစေရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

(၃၄) မည်သူမဆို ပုဒ်မ ၂၈ နှင့် ၃၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၈)။ အထွေထွေ။ (၃၅) တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်းဆရာ နုတ်ထွက်လျှင်ဖြစ်စေ၊ အသစ်ခန့်ထားလျှင်ဖြစ်စေ၊ သတ်မှတ်ချက်များနှင့်အညီ ပညာရေးအရာရှိထံ အသိပေးတင်ပြရမည်။

(၃၆)ပညာရေးဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ပညာရေးအရာရှိက တာဝန်ပေးအပ်သူသည် မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို သွားရောက်ကြည့်ရှုခြင်းနှင့်စစ်ဆေးခြင်း၊ထိုကိုယ်ပိုင်ကျောင်းနှင့်သက်ဆိုင်သည့်အကြောင်းအရာ တစ်ခုခုကို စုံစမ်းမေးမြန်းခြင်း သို့မဟုတ် သက်ဆိုင်ရာ စာတမ်းအမှတ်အသားများကို တောင်းယူကြည့်ရှုခြင်းပြုလုပ်နိုင်သည့်အပြင် ထိုသို့ပြုလုပ်နိုင်ရန်အလို့ငှာ မည်သည့်ကိုယ်ပိုင်ကျောင်းကို မဆို ဝင်ရောက်နိုင်သည်။

(၃၇) ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ် သည်။

(၃၈) ဤဥပဒေအရ တရားစွဲဆိုရာတွင်ပညာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့် ယူရမည်။

(၃၉) ဤဥပဒေအရသော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခု အရသော်လည်းကောင်း သဘောရိုးဖြင့်ပြုသည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့်ကိစ္စ အတွက်မည်သူ့ကိုမျှ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

(၄၀) တည်ထောင်ဖွင့်လှစ်သူကလည်းကောင်း၊ ကိုယ်ပိုင်ကျောင်းဆရာကလည်းကောင်း၊ ပေးသွင်းရမည့် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးများနှင့် အခြားအခကြေးငွေတို့သည် ပညာရေး ဝန်ကြီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဖြစ်သည်။

(၄၁) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် (က) ပညာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သောအမိန့်ကြော်ငြာစာ၊

အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်၊ (ခ)ပညာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ။** ။မိနစ်(၂၀)ပြည့်သွားတဲ့အချိန်မှာ မိုက်က အလိုလို (OFF) သွားပါ တယ်။ ပြန်ပြီးတောင်းဖို့လိုပါတယ်။ လွှတ်တော်ရဲ့အစဉ်အလာ ထုံးတမ်းအစဉ်အလာဖြစ်ပါ တယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**အချိန်၊ ၁၄း၃၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသား လွှတ်တော်ရဲ့သဘောထားရယူပါ့မယ်။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်

ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အမျိုးသားလွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်း ကိုအမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၉-၈-၂၀၁၁ ရက် (တနင်္လာနေ့) ထက် နောက်မကျစေဘဲ အမျိုးသားလွှတ်တော်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းနိုင်ပါတယ်။ တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီ၏

လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီရက်မှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး တက်ရောက်ဖို့ လိုအပ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်လုပ်ငန်းများနဲ့ ပတ်သက်ပြီး လွှတ်တော်ရဲ့ဆုံးဖြတ်ချက်ရယူဖို့ ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းထားတဲ့မေးခွန်းများ အဆိုများနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က လာရောက် ဖြေကြားခြင်း၊ ရှင်းလင်းဆွေးနွေးခြင်းမပြုနိုင်သေးသော်လည်း နောက်ရက်တွေမှာ မေးခွန်းနဲ့ အဆိုတွေကိုထည့်သွင်းသွားမှာ ဖြစ်ပါတယ်။ လာရောက်ရှင်းလင်းဖို့ အဆင်သင့်ဖြစ်တဲ့ အချိန်ကျမှသာ လာရောက်ဖြေကြားခြင်းရှင်းလင်းခြင်း ဆောင်ရွက်မယ့်အစီအစဉ် ဆောင်ရွက် သွားပါမယ်။ ဒီလိုဆောင်ရွက်မယ့်ကိစ္စကို လွှတ်တော်ရဲ့သဘောထားရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ရဲ့သဘောထားအတိုင်းဆောင်ရွက် သွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်။ ၁၄း၃၆။**

**ဥက္ကဋ္ဌ**။

။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၆။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၄း၃၆ နာရီ အချိန်တွင် ရပ်နားပါသည်။]